Government of **Western Australia**
**Mental Health Commission**

## ကုသမှု

လွှဲပြောင်းမှုဖြစ်စဉ်အတွင်း သင့်အားဆေးပေးကုသမှုများ ပြုလုပ်ပေးမည်ဖြစ်ပြီး သင်ဘက်မှလက်ခံနိုင်သလို ငြင်းဆန်နိုင်ပါသည်။ သို့ရာတွင် သင့်ဘက်မှ ကုသမှုကိုငြင်းဆန်သော်လည်း ဆေးဝန်ထမ်းများက ယင်းကုသမှုမှာ သင့်အသက်အား ကယ်တင်နိုင်ရန် သို့မဟုတ် သင့်ကိုယ်သင်နှင့်အခြားသူများအား ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုအန္တရာယ်ဖြစ်စေခြင်းမှ ကာကွယ်ပေးနိုင်ရန် လိုအပ်သည်ဟုယူဆပါက သင့်ဆန္ဒမပါပဲ သင့်အားကုသမှုအတင်းပေးပိုင်ခွင့်ရှိသည်။ ယင်းအား အရေးပေါ်စိတ်ပိုင်းဆိုင်ရာကုသမှုဟု ခေါ်ပါသည်။

## လွှဲပြောင်းစဉ်အတွင်း သင့်အခွင့်အရေးများ

- သင့်တွင် သင့်အခွင့်အရေးများနှင့်ပတ်သက်ပြီး အချက်လက်များ ရရှိပိုင်ခွင့်ရှိသည်။ သင့်မေးခွန်းများအား ဖြေဆိုခံရခွင့်ရှိသည်။ သင့်ခံယူရမည့် ကုသမှုများနှင့်ပတ်သက်ပြီး သိရှိအကြောင်းကြားပိုင်ခွင့်ရှိသည်။
- သင့်အားဆေးရုံတွင်ထိန်းသိမ်းထားပါက သင့်အလုပ်နှင့် မိသားစုဝင်များအပါအဝင် လူများနှင့် ဆက်သွယ်ရန်အခွင့်အရေး ရှိပါသည်။
- သင့်တွင် ကိုယ်ရေးကိုယ်တာပိုင်းနှင့် ကိုယ်ရေးထိန်ချန်ခွင့် ဆိုင်ရာ အခွင့်အရေးရှိပါသည်။
- မှ သင်အကူအညီတောင်းပိုင်ခွင့်ရှိသည်။ ယင်းမှာ အခမဲ့ လွပ်လပ်စွာရယူနိုင်သော ဝန်ဆောင်မှုဖြစ်သည် (ဖုန်း - 1800 999 057)။
- တစ်ခုခုနှင့် ပတ်သက်ပြီး ကျေနပ်မှုမရှိပါက စိတ်ကျန်းမာရေး ဝန်ဆောင်မှုဌာနသို့ သင်စောဒကတက်ပိုင်ခွင့်ရှိပါသည်။ ကျန်းမာရေးနှင့် မသန်စွမ်းမှုပိုင်းစောဒကဖြေရှင်းရေးဌာန (HaDSCO) သို့လည်း စောဒကတက်နိုင်ပါသည်။ (ဖုန်း - 1800 813 583)။

## နောက်ထပ် အချက်လက်များ

ဤလက်ကမ်းစာစောင်တွင် ပါဝင်သောအချက်လက်များသည် ၂၀၁၄ စိတ်ကျန်းမာရေးအက်ဥပဒေတွင် ဖော်ပြထားသော ဥပဒေများနှင့်အညီ ဖြစ်ပါသည်။ အက်ဥပဒေပိုင်းဆိုင်ရာ အချက်လက်များအား အောက်ပါလက်ကမ်းစာစောင်များတွင် အကျဉ်းချုပ်ဖော်ပြထားပါသည် -

- စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေးဆရာဝန်သို့ လွှဲပြောင်းခြင်း
- အတွင်းလူနာကုသရေးညွှန်ကြားချက်
- ရပ်ရွာအတွင်း ကုသရေးညွှန်ကြားချက်
- ဆန္ဒဖြင့် တက်ရောက်သော လူနာများအတွက် အချက်လက်များ
- စိတ်ကျန်းမာရေးပြဿနာအတွက် ကုသမှုခံယူခြင်း
- လူနာစောင့်ရှောက်သူများအတွက် အချက်လက်များ
- ရွေးချယ်ထားသော သူများ - ရွေးချယ်ခြင်းအားမည်သို့ ပြုလုပ်ပြီး မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။

## အခြား လက်ကမ်းစာစောင်များအား အောက်ပါတို့မှ ရရှိနိုင်ပါသည် -

- စိတ်ကျန်းမာရေး ခုံရုံး
- စိတ်ကျန်းမာရေးဆိုင်ရာ အားပေးကူညီရေးဝန်ဆောင်မှုဌာန
- စိတ်ကျန်းမာရေး ဥပဒေစင်တာ

၂၀၁၄ စိတ်ကျန်းမာရေးအက်ဥပဒေနှင့် အခြားရင်းမြစ်အချက်လက်များအကြောင်း နောက်ထပ်သိလိုပါက စိတ်ကျန်းမာရေး ကော်မစ်ရှင်ဝက်ဘ်ဆိုက်ဖြစ်သည့် www.mhc.wa.gov.au သို့ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ်(၀၈) ၆၂၇၂ ၁၂၀၀ သို့ ခေါ်ဆိုဆက်သွယ်ပါ။

This document can be made available in other languages and alternative formats on request.

Published by the Mental Health Commission (2015)

# စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေးဆရာဝန်သို့ လွှဲပြောင်းခြင်း



လွှဲပြောင်းမှုဖောင်ပုံစံ 1A သည် သင်စိတ်ကျန်းမာရေးဆရာဝန်တစ်ဦးဖြင့် စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေးအက်ဥပဒေ ၂၀၁၄ အရ ညွှန်ကြားချက်တစ်ရပ်ဖြစ်ပါသည်။ ဤလက်ကမ်းစာစောင်မှ သင်အား လွှဲပြောင်းမှု ဖောင်ပုံစံ 1A ဖြင့် လွှဲပြောင်းရန်ရှိသည့်အခါ သင့်အခွင့်အရေးများ၊ သင်မျှော်လင့်နိုင်သည်များနှင့်ပတ်သက်သည့် အချက်လက်များကို ဖော်ပြပေးပါသည်။

# စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေးဆရာဝန်သို့ လွှဲပြောင်းခြင်း

လွှဲပြောင်းမှုဖောင်ပုံစံ 1A တစ်ရပ်သည် အထွေထွေကုဆရာဝန်တစ်ဦးမှ အထူးကုနှင့်ပြသရန် သာမန်လွှဲပြောင်းပေးမှုနှင့်မတူပါ။ လွှဲပြောင်းမှုဖောင်ပုံစံ 1A သည် သင်စိတ်ကျန်းမာရေးဆရာဝန်တစ်ဦးဖြင့် စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေးအက်ဥပဒေ ၂၀၁၄ အရ ညွှန်ကြားချက်တစ်ရပ်ဖြစ်ပါသည်။

အကယ်၍ သင့်အား လွှဲပြောင်းမှုဖောင်ပုံစံ 1A ဖြင့် လွှဲပြောင်းရန်ရှိသည့်အခါ ယင်းသို့ စီစဉ်ရသည့်အကြောင်းမှာ ဆရာဝန်တစ်ဦးသို့မဟုတ် အရည်အချင်းအလွန်ပြည့်ဝသည့် စိတ်ကျန်းမာရေးပိုင်းကျွမ်းကျင်သူတစ်ဦး (ခွင့်ပြုချက်ရ အသိအမှတ်ပြု စိတ်ကျန်းမာရေး ကျွမ်းကျင်ပညာရှင်တစ်ဦး လည်းဖြစ်သည်) မှ သင့်အားအကဲဖြတ်ဆန်းစစ်ခဲ့ပြီး သင့်အတွက် သင့်ဘက်မှသဘောတူညီချက်မပါသော စိတ်ကျန်းမာရေးကုမှုတစ်ရပ် လိုအပ်နေသည်ဟုဆုံးဖြတ်ခဲ့သည့်အတွက်ဖြစ်ပါသည်။ စိတ်ကျန်းမာရေးဆရာဝန်မှသာလျှင် သင့်အတွက် ဆန္ဒမပါပဲပြုလုပ်ရမည်ဖြစ်သော စိတ်ကျန်းမာရေးကုသမှုတစ်ရပ်အား လိုအပ်ခြင်းရှိမရှိ ဆုံးဖြတ်နိုင်သည့်အတွက် သင့်အား စစ်ဆေးမှုခံယူရန် စိတ်ကျန်းမာရေးဆရာဝန်တစ်ဦးထံသို့ လွှဲပြောင်းပေးရန် ပင်မဆရာဝန်/လက်တွေ့ကျွမ်းကျင်ပညာရှင်မှ လွှဲပြောင်းမှုဖောင်ပုံစံ 1A အားဖြည့်စွက်ပြီးဖြစ်ပါသည်

## လွှဲပြောင်းခြင်း ဆိုသည်မှာ အဘယ်နည်း။

လွှဲပြောင်းမှုဖောင်ပုံစံ 1A သည် ၃ ရက် သက်တမ်းရှိပါသည်။ မြို့ပြတွင်မဟုတ်သော နယ်မြေများတွင်နေထိုင်ပါက လွှဲပြောင်းစာသက်တမ်းအား ၆ ရက်ထိ တိုးပေးနိုင်ပါသည်။

လွှဲပြောင်းမှုဖောင်ပုံစံ 1A ရရှိထားခြင်းသည် လွှဲပြောင်းမှုဖောင်တွင်အမည်ဖော်ပြထားသည့် နေရာ၌ စိတ်ကျန်းမာရေးဆရာဝန်တစ်ဦးမှ ပြုလုပ်မည့် စစ်ဆေးစမ်းသပ်မှုကို သင်သွားရောက်ခံယူရမည့်သဘောဖြစ်ပါသည်။ လိုအပ်ပါက ဆရာဝန်/လက်တွေ့ကျွမ်းကျင်သူမှ သင်စစ်ဆေးစမ်းသပ်မှုခံယူရမည့် နေရာကို မရောက်မချင်းသင့်အားဆေးရုံတွင် ဆက်လက်တင်ထားနိုင်ပါသည်။ လုံခြုံစေမည့် အခြားနည်းလမ်းမရှိလျှင် သင့်အား စမ်းသပ်စစ်ဆေးမည့်နေရာသို့ ခေါ်ဆောင်ပေးသွားမည့် ပို့ဆောင်ရေးဝန်ထမ်းသို့မဟုတ် ရဲဝန်ထမ်းတစ်ဦးဦးအား ၄င်းဆရာဝန်မှ စီစဉ်ပေးနိုင်ပါသည်။

စမ်းသပ်စစ်ဆေးမည့်နေရာသို့ သင်ရောက်ရှိသည်နှင့်စိတ်ကျန်းမာရေးဆရာဝန်မှ သင့်အား စမ်းသပ်မှုပြုလုပ် မပြီးခင်အထိ သင်ထွက်ခွာနိုင်မည် မဟုတ်ပါ (အကယ်၍သင့်ဘက်မှ၂၄နာရီထက်ပိုပြီး စောင့်ဆိုင်းရမည်မဟုတ်ပါက။ ယင်းသို့စောင့်ရမည့်အနေအထားတွင် သင်ပြန်နိုင်ပါသည်။)

## စိတ်ကျန်းမာရေးဆရာဝန်မှ စမ်းသပ်စစ်ဆေးခြင်း

စိတ်ကျန်းမာရေးဆရာဝန်မှ သင့်အား စကားပြောခြင်း၊ မေးခွန်းမေးခြင်းများပြုလုပ်ပြီး စမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။ လိုအပ်ပါက စကားပြန်တစ်ဦးထားပေးပါမည်။ အချို့သောတိုင်းပြည်နယ်မြေများတွင် စမ်းသပ်စစ်ဆေးမှုအား ဗီဒီယိုလင့်ခ်တစ်ခုမှနေ၍ ပြုလုပ်နိုင်ပါသည်။

အကယ်၍သင်သည် ဒေသခံလူမျိုး သို့မဟုတ် Torres Strait ကျွန်းသားဖြစ်ပါက စမ်းသပ်စစ်ဆေးမှုအား ဒေသခံလူမျိုး သို့မဟုတ် Torres Strait ကျွန်းသားဖြစ်သည့် စိတ်ကျန်းမာရေးဝန်ထမ်းတစ်ဦးနှင့်/သို့မဟုတ် သင့်ရပ်ရွာတွင်းမှ ထင်ရှားသူတစ်ဦးဦး၏ အကူအညီဖြင့် လုပ်ဆောင်ပါမည်။

စမ်းသပ်စစ်ဆေးမှုပြုလုပ်သည့်အခါ စိတ်ကျန်းမာရေးဆရာဝန်မှ သင့်အတွက် ဆန္ဒမပါသော စိတ်ကျန်းမာရေးကုသမှုအားပေးရန် သင့်မသင့်ဆုံးဖြတ်ဖို့ရာ အောက်ပါအချက်လက်များကို ထည့်သွင်းသုံးသပ်ပါမည်။

- ကုသမှုခံယူရန်လိုအပ်သော စိတ်ကျန်းမာရေးပြဿနာရှိနေပါသလား။
- သင့်ဘက်မှ ကုသမှုမခံယူလျှင် သင့်ကိုယ်သင်နှင့် အခြားသူတစ်ဦးဦးအား ထိခိုက်စေမည့် အလားအလာ သိသိသာသာရှိပါသလား။
- ကုသမှုနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ခံယူရန် သင် ကျန်းမာသင့်သလောက် ကျန်းမာပါရဲ့လား။
- သင့်ဆန္ဒမပါသော ကုသမှုပြုလုပ်ခြင်းထက် သင့်အား ထိန်းချုပ်မှုနည်းနည်းဖြင့် ကုသမှုပေးနိုင်သည့် နည်းလမ်းရှိပါသလား။

## စိတ်ကျန်းမာရေးဆရာဝန်မှ ပြုလုပ်သော ဆုံးဖြတ်ချက်များ

သင့်အား စကားပြောဆိုပြီး စံနှုန်းများကို ထည့်သွင်းသုံးသပ်ပြီးနောက် စိတ်ကျန်းမာရေးဆရာဝန်မှ အောက်ပါ ဆုံးဖြတ်ချက်များအနက် တစ်ရပ်ရပ်ကို ပြုလုပ်နိုင်ပါသည်။

- သင်မှ ဆန္ဒမပါသော ကုသမှုခံယူရန်မလိုအပ်ပဲ အိမ်ပြန်ခွင့်ပြုပါသည်။ (သို့သော် သင့်ဘက်မှ ဆန္ဒရှိပြီး ကုသမှုခံယူရန်လည်း သဘောတူနိုင်ပါသည်)။
- သင်မှ ဆန္ဒမပါသော ကုသမှုခံယူရန် လိုအပ်ပြီး ဆေးရုံတွင်ကုသမှုခံယူရပါမည်။ စိတ်ကျန်းမာရေးဆရာဝန်မှ အတွင်းလူနာ ကုသရေးညွှန်ကြားချက်ကို ပြုလုပ်ပေးမည် (ဖောင်ပုံစံ 6A သို့မဟုတ် 6B) ဖြစ်ပြီး သင့်အား ဆေးရုံတင်ပေးမည်ဖြစ်သည်။
- သင်မှ ဆန္ဒမပါသော ကုသမှုခံယူရန် လိုအပ်သော်လည်း ဆေးရုံတက်ရန်မလိုအပ်ပဲ ရပ်ရွာတွင်းမှာသာ ကုသမှုခံယူနိုင်သည်။ စိတ်ကျန်းမာရေးဆရာဝန်မှ ရပ်ရွာတွင်း ကုသမှုညွှန်ကြားချက်ကို ပြုလုပ်ပေးမည်ဖြစ်ပြီး (ဖောင်ပုံစံ 5A) သင့်ဘက်မှ ဆရာဝန်နှင့် ပြသရမည့် ပထမဆုံးအချိန်နှင့်နေရာကို သင့်အားအသိပေးမည်ဖြစ်သည်။

အကယ်၍ စမ်းသပ်စစ်ဆေးမှုအား ဆန္ဒမပါပဲ ကုသမှုခံယူနေသောလူနာများကို လက်ခံသည့်ဆေးရုံတွင် ပြုလုပ်ပါက (ဆေးခန်းသို့မဟုတ် ED နှင့်ဆန့်ကျင်ဘက်) စိတ်ကျန်းမာရေးဆရာဝန်မှ အထက်ပါ ဆုံးဖြတ်ချက်များအနက် မည်သည်ကိုမဆို

သင်ဆေးရုံသို့လာပြီး ၇၂ နာရီအတွင်း အချိန်ရွှေ့ဆိုင်းထားနိုင်သည်။ သို့မှသာ နောက်ထပ်စစ်ဆေးမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

စိတ်ကျန်းမာရေးဆရာဝန်မှ ပြုလုပ်သည့် ဆုံးဖြတ်ချက်တိုင်းနှင့်ပတ်သက်ပြီး သင့်စောင့်ရှောက်သူ၊ မိသားစုဝင် သို့မဟုတ် အခြားကိုယ်ရေးစောင့်ရှောက်သူတစ်ဦးဦးအား အသိပေးမည်ဖြစ်သည်။

